# မီးခိုးအချက်ပြ သတိပေးစနစ်များ

**ဥပဒေအရ ဗစ်တိုးရီးယားရှိ လူနေအဆောက်အအုံအားလုံးတွင် ၎င်းတို့၏ အိမ်အထပ်တိုင်း၌ မီးခိုး အချက်ပြ သတိပေးစနစ် အနည်းဆုံး တစ်ခု တပ်ဆင်ထားရမည်။**

**လက်ဆော့၍မရသော အကန့်ထဲတွင် 10 နှစ်ခံ လစ်သီယမ် ဘက်ထရီ ပါသော မီးခိုးအချက်ပြ သတိပေးစနစ်များကို အသုံးပြုရန် FRV နှင့် CFA က အကြံပြုထားသည်။**

- သင့်အိမ်ရှိ မီးခိုးအချက်ပြ သတိပေးစနစ်အားလုံးကို အချင်းချင်း ချိတ်ဆက်ထားသင့်သည်။
- ၎င်းတို့သည် သီးခြား ဖြစ်နိုင်သည် (240v မိန်းပါဝါနှင့် ချိတ်ဆက်မထားဘဲ) သို့မဟုတ် ဝါယာ သွယ်တန်းထားခြင်း ဖြစ်နိုင်သည် (240v မိန်းပါဝါနှင့် ချိတ်ဆက်ထားသည်)။







## လစဉ်

- စနစ် အလုပ်လုပ်နေကြောင်း သေချာစေရန် စမ်းသပ်ခလုတ်ကို နှိပ်ပါ
- သတိပေးသံ သုံးကြိမ်မြည်သည်အထိ ဖိထားပါ

## နှစ်စဉ်

- မီးခိုးအချက်ပြ သတိပေးစနစ် အဖုံး တစ်ဝိုက်ကို ဖုန်သုတ်ပါ သို့မဟုတ် ညင်သာစွာ သုတ်ပါ
- 9volt ဘက်ထရီပါသော မီးခိုးအချက်ပြ သတိပေးစနစ်ကို တပ်ဆင်ထားလျှင် ဘက်ထရီကို နှစ်စဉ် လဲလှယ်ပါ

## 10 နှစ်တစ်ကြိမ် အသစ်လဲပါ

- မီးခိုးအချက်ပြ သတိပေးစနစ်အားလုံး (ဝါယာသွယ်ထားသောစနစ်နှင့် သီးခြားစနစ်) ကို အသစ်လဲရန် လိုသည်


# ကျွန်ုပ်၏ မီးခိုးအချက်ပြ သတိပေးစနစ်ကို ဘယ်နေရာတွင် တပ်ဆင်ရမလဲ။

- မီးခိုးအချက်ပြ သတိပေးစနစ်များကို နံရံမှ အနည်းဆုံး 30 စင်တီမီတာခွာ၍ မျက်နှာကြက်ပေါ်တွင် တပ်ဆင်သင့်သည်။
- မီးခိုးအချက်ပြ သတိပေးစနစ်များကို အိပ်စက်သည့်နေရာတိုင်းနှင့် အိမ်၏ ကျန်ရှိသော နေရာအကြားတွင် ထားရှိရမည်။
- မီးခိုးအချက်ပြ သတိပေးစနစ်များကို ဧည့်ခန်းများ၊ စင်္ကြံလမ်းများနှင့် အိပ်ခန်းများ သို့မဟုတ် တစ်စုံတစ်ယောက် အိပ်စက်သော မည်သည့်အခန်းများတွင်မဆို တပ်ဆင်ရန် ဩစတြေးလျ မီးသတ်ဌာနက အကြံပြုထားသည်။
- မီးခိုးအချက်ပြ သတိပေးစနစ်များသည် ဩစတြေးလျ စံနှုန်း AS3786 ကို ပြည့်မီရမည်။

Certified Product™
Australian Standard

အိပ်စက်သည့်နေရာများနှင့် အိမ်၏ ကျန်ရှိသော နေရာအကြားတွင် ထားရှိရမည်

ထပ်ဆောင်း ကာကွယ်မှု ပေးနိုင်ရန် မီးခိုးအချက်ပြ သတိပေးစနစ် တပ်ဆင်နိုင်သော အခြား နေရာများ




အလုပ်လုပ်နေသော မီးခိုးအချက်ပြ သတိပေးစနစ်များကသာအသက်ကယ်နိုင်သည်။

မီးခိုးအချက်ပြ သတိပေးစနစ်များအကြောင်း နောက်ထပ် အသေးစိတ်များ သိရန် ဤနေရာတွင် စကန်ဖတ်ပါ။

**နောက်ထပ် မီးဘေးကင်းရေး အချက်အလက်များအတွက်frv.vic.gov.au/cfa.vic.gov.au သို့ ဝင်ကြည့်ပါ**